လူမှုစီးပွားဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

ဦးမြင့်ကြိုင်၊ ပြည်ထောင်စုဝန်ကြီး
ဥက္ကဋ္ဌ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်

ရက်စွဲ။ ၁၁-၇-၂၀၂၅

နေရာ။ နေပြည်တော်

၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်

လူမှုစီးပွားဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census for Socio-Economic Advancement

သန်းခေါင်စာရင်းအချက်အလက်များ



တိကျမှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီ အချက်အလက်များကို ရယူအသုံးပြုနိုင်ခြင်းသည် ထိရောက်သောမူဝါဒများ ရေးဆွဲချမှတ်ရန်အရေးကြီး၊

သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာနှင့် လူမှုစီးပွားဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ အဖိုးတန်သော အမြင်များပေးစွမ်းနိုင်၊

သန်းခေါင်စာရင်းအချက်အလက်များဖြင့် အချက်အလက်အခြေခံသော မဟာဗျူဟာများကို ရေးဆွဲနိုင်၊

သန်းခေါင်စာရင်းအချက်အလက်၏ အရေးပါမှုကို သိရှိနားလည်ခြင်းသည် ထိရောက်မှုရှိသော မူဝါဒများဆီသို့ ပထမဆုံးခြေလှမ်းဖြစ်။

သန်းခေါင်စာရင်းဆိုသည်မှာ ...

လူဦးရေဆိုင်ရာအကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေး အကြောင်းအရာများအား တစ်နိုင်ငံလုံး (သို့မဟုတ်) သတ်မှတ်နယ်မြေ ဒေသတစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူသောလုပ်ငန်း။

သန်းခေါင်စာရင်း

လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို စဉ်ဆက်မပြတ် ရရှိရန် နိုင်ငံတကာ စံချိန်စံညွှန်းများ နှင့်အညီ သန်းခေါင်စာရင်းများကို (၁၀) နှစ်တစ်ကြိမ် ပုံမှန် ကောက်ယူရန်လိုအပ်။



မြန်မာ့သန်းခေါင်စာရင်းများ

အင်္ဂလိပ်အစိုးရ (၈) ကြိမ်
မြန်မာအစိုးရ (၄) ကြိမ်

- ၁၉၇၃ ခုနှစ် - ၂၈.၉ သန်း
- ၁၉၈၃ ခုနှစ် - ၃၅.၃ သန်း
- ၂၀၁၄ ခုနှစ် - ၅၁.၅ သန်း
- ၂၀၂၄ ခုနှစ် - ၅၁.၃ သန်း



၂၀၂၄ သန်းခေါင်စာရင်း ကောက်ယူမှု

- ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ
- လူဦးရေ၊ ပညာရေး၊ လုပ်သားအင်အား၊ ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်းသွားလာခြင်း၊ မွေးဖွားမှု၊ သေဆုံးမှု၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ



အစီရင်ခံစာ ထုတ်ပြန်မှု

ရှေ့ပြေးလူဦးရေစာရင်း

- ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်

ပြည်ထောင်စုအစီရင်ခံစာ

- ၂၀၂၅ ခုနှစ် အောက်တိုဘာလ (လျှာထား)
- မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာ
- (၃) မျိုး (Highlight, Report, Tables)

သန်းခေါင်စာရင်း၏ အရေးပါမှု

မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲခြင်း	ဈေးကွက်ဆန်းစစ်လေ့လာမှု	စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း	လူမှုဖူလုံရေးနှင့် သာတူညီမျှမှု
ကျန်းမာရေး၊ ပညာရေး စီမံကိန်းများ ချမှတ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း	အရင်းအမြစ်ခွဲဝေမှုနှင့် စီမံခန့်ခွဲမှု	စည်းရုံးရေးနှင့် အသိပညာပေးခြင်း	သုတေသနနှင့် ဆန်းစစ်လေ့လာခြင်း

နိုင်ငံရေးကဏ္ဍ

- နိုင်ငံတော်၏ အချုပ်အခြာအာဏာ
- မဲဆန္ဒနယ်မြေသတ်မှတ်ခြင်း၊ လွှတ်တော်ကိုယ်စားပြုမှု
- မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အထောက်အကူပြုခြင်း
- နိုင်ငံတော် လုံခြုံရေးဝန်ထမ်းအင်အား၊ အစိုးရဝန်ထမ်းအင်အား၊ ကာကွယ်ရေးအင်အား

ပညာရေးကဏ္ဍ

- နိုင်ငံတော်၏ ပညာရေးအခြေအနေ
- ကျောင်းတက်ရောက်မှုရာခိုင်နှုန်း
- နယ်မြေဒေသအလိုက် စာသင်ကျောင်းအရေအတွက်
- ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာ ငွေရင်းနှီးမြှုပ်နှံမှု
- ကျောင်းပြင်ပရောက်ကလေးများအခြေအနေ လေ့လာစီစစ်အကဲဖြတ်ခြင်း

ပညာရေး ဝန်ကြီးဌာန

- ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်အား ပံ့ပိုးပေးခြင်း
- ၂၀၁၉ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း - စာမတတ်သူပေါင်း ၄.၁ သန်း
- အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းအား အမျိုးသားလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်ခဲ့
- စာမတတ်သူပေါင်း ၇၈၃၉၇ ဦးကို စာတတ်မြောက်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့

ပညာရေး ဝန်ကြီးဌာန

- ဘွဲ့ကြို/ဘွဲ့လွန်ကျောင်းသား/ကျောင်းသူများ သုတေသန ပြုလုပ်ရန် Micro-data ပံ့ပိုးခြင်း

စဉ်	သင်တန်းအမျိုးအစား	၂၀၁၄ သန်းခေါင်စာရင်း	၂၀၁၉ ကြားဖြတ် သန်းခေါင်စာရင်း
၁	ဘွဲ့ကြိုသင်တန်း (ပြည်တွင်း)	-	၂၄
၂	ဘွဲ့လွန်ဒီပလိုမာ (ပြည်တွင်း)	၁	-
၃	မဟာဘွဲ့သင်တန်း (ပြည်တွင်း)	၁၀	၇
၄	မဟာဘွဲ့သင်တန်း (ပြည်ပ)	၁၆	၅
၅	ပါရဂူဘွဲ့သင်တန်း (ပြည်တွင်း)	၅	၄
၆	ပါရဂူဘွဲ့သင်တန်း (ပြည်ပ)	၁၄	၆
၇	သုတေသနစာတမ်း(ပြည်တွင်း/ပြည်ပ)	၆	၂
၈	အဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)	၃၅	၁၀
	စုစုပေါင်း	**၈၇**	**၅၈**

လုပ်သားအင်အားကဏ္ဍ

- အလုပ်အကိုင်/လုပ်ငန်းအမျိုးအစားအလိုက် လူဦးရေ
- လုပ်သားဈေးကွက်လိုအပ်ချက်အရ အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေ
- ပညာအရည်အချင်းအလိုက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန် လိုအပ်ချက်
- လုပ်သားဈေးကွက် ရှာဖွေခြင်း
- အမျိုးသမီးများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအစီအစဉ်

ကျန်းမာရေးကဏ္ဍ

- လူတိုင်းရောဂါဘယကင်းရှင်းရေးနှင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်ရေး
- သန်းခေါင်စာရင်းအချက်အလက်များသည် ကျန်းမာရေး စနစ်အဆင့်ဆင့်တွင် ကျန်းမာရေးလုပ်ငန်းစီမံကိန်းရေးဆွဲခြင်း၊ လုပ်ငန်းဆန်းစစ်ခြင်းလုပ်ငန်းများ အတွက်အထောက်အကူပြု

ကျန်းမာရေး ဝန်ကြီးဌာန

- အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို လူတိုင်း လက်လှမ်းမီစေရန် -
  - ကျန်းမာရေးဌာနနှင့် ဆေးရုံအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း
  - ဆေးရုံများ အဆင့်မြှင့်တင်ခြင်း
  - ကျန်းမာရေးဝန်ထမ်းများ ထပ်မံခန့်အပ်ခြင်း
  - ဦးတည်အုပ်စုများအလိုက် လိုအပ်သည့်ကျန်းမာရေး ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်း

ကျန်းမာရေး ဝန်ကြီးဌာန

- အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို လူတိုင်း လက်လှမ်းမီစေရန် -
  - အသက်အုပ်စုအလိုက် လိုအပ်သည့် ကျန်းမာရေး ဝန်ဆောင်မှုများပေးနိုင်ရန် လုပ်ငန်းစီမံကိန်းရေးဆွဲခြင်း
  - လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ စီစဉ်ခြင်း
  - ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း ဒေသအလိုက် ကလေးဦးရေသိရှိမှသာ ဆောင်ရွက်နိုင်
  - ကူးစက်ရောဂါ ကာကွယ်တုံ့ပြန်ရေးအတွက် အသက်အရွယ်အုပ်စုအလိုက် လူဦးရေလိုအပ်

ကျန်းမာရေး ဝန်ကြီးဌာန

- ဘေးအန္တရာယ်ကျရောက်သည့်နေရာဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း
- မသန်စွမ်းသူများ၏ ကျန်းမာရေး၊ သက်ကြီးရွယ်အို ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင် ကျန်းမာရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ခြင်း
- သေဆုံးမှုနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုဆိုင်ရာ အချက်အလက်များကို ကျန်းမာရေးလုပ်ငန်းများတွင် ဆန်းစစ်လေ့လာခြင်း
- သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း

ရွေ့ပြောင်းသွားလာမှု ကဏ္ဍ

- မြို့ပြထွန်းကားလာမှု
- ကျေးလက်၊ မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက်
- လုပ်သားအင်အား ဆုံးရှုံးခြင်း
- ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်လက်မဲ့ ပြဿနာ၏ အကျိုးဆက်များ

တန်းတူညီမျှမှု

- ကျား/မ တန်းတူညီမျှမှု
- ဖွံ့ဖြိုးမှုကဏ္ဍအလိုက် ကျား/မ ပါဝင်မှု

ဝန်ဆောင်မှုကဏ္ဍ

- ဝန်ဆောင်မှုအမျိုးမျိုးအတွက် ဦးတည်အုပ်စုများ ရွေးချယ်ခြင်း
- သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား ထောက်ပံ့ရေး အစီအစဉ်
- မသန်စွမ်းသူများ စောင့်ရှောက်ရေးနှင့် ထောက်ပံ့ကူညီပေးရေး အစီအစဉ်
- နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ

အခြေခံအဆောက်အဦနှင့် ဖွံ့ဖြိုးမှုကဏ္ဍ

- အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းများ စီမံဆောင်ရွက်ခြင်း
- မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ခြင်း
- လျှပ်စစ်မီးသုံးစွဲမှုအခြေအနေနှင့် စွမ်းအင်ရင်းမြစ်အလိုက်အသုံးပြုမှု
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချခြင်း

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန

- ကျေးလက်ရေရရှိရေး၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲပြုစုခြင်း
- ကျေးလက်မီးလင်းရေး စီမံဆောင်ရွက်ခြင်း
- သောက်သုံးရေရရှိရေး အစီအမံများ ဆောင်ရွက်ခြင်း
- ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်းများအတွက် အချက်အလက်များ ပံ့ပိုးပေးခြင်း

ဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ

- ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော်ခြင်း
- ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးစီမံဆောင်ရွက်ခြင်း
- ဘေးအန္တရာယ် တုံ့ပြန်ရေးလုပ်ငန်းများ

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

- လူမှုရေးပင်စင် ထောက်ပံ့ခြင်း အစီအစဉ်
  (အသက် ၈၅ နှစ်အထက် ဘိုးဘွား ၁၁၆,၁၁၁ ဦး)
- ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း အစီအစဉ်
  (ကိုယ်ဝန်ဆောင်မိခင် ၁၄၄,၁၀၂ ဦးနှင့် ကလေး ၃၉,၀၃၉ ဦး)
- မသန်စွမ်းဦးရေ၊ မသန်စွမ်းမှတ်ပုံတင်လုပ်ငန်း
  (၈,၂၄၈ ဦး လက်မှတ်ထုတ်ပေးပြီး)
- Disabled Management Information System (DMIS)
  (၁၉၈,၄၅၆ ဦး ဖြည့်သွင်းထားပြီးဖြစ်)

စာရင်းအင်းကဏ္ဍ


THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF PLANNING AND FINANCE
2024
MYANMAR
STATISTICAL
YEARBOOK
CENTRAL STATISTICAL ORGANIZATION


The Republic of the Union of Myanmar
Ministry of Labour, Immigration and Population
Department of Labour
HANDBOOK ON
HUMAN RESOURCES DEVELOPMENT INDICATORS,
2016-2017
2018
Nay Pyi Taw


The Government of the Republic of the Union of Myanmar
Ministry of Planning and Finance
MYANMAR AGRICULTURAL STATISTICS
(2014-2015 to 2022-2023)
Central Statistical Organization
Ministry of Planning and Finance
in Collaboration with
Ministry of Agriculture, Livestock and Irrigation,
Ministry of Natural Resources and Environmental Conservation
Nay Pyi Taw, Myanmar
2024

SUSTAINABLE DEVELOPMENT GOALS

နိဂုံး

- မှန်ကန်သော လူဦးရေဆိုင်ရာ အချက်အလက်များအပေါ် အခြေခံပြီး ရည်မှန်းချက်တိကျစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ဆင်းရဲနွမ်းပါးမှုနှုန်းလျော့ကျစေခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုရရှိလာစေခြင်းနှင့် ပညာရေးအခွင့်အလမ်းများ တိုးပွားလာစေခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာတွေ့ရှိရ။
- နိုင်ငံအချို့သည် လူမှုရေးနှင့် စီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် သန်းခေါင်စာရင်းအချက်အလက်များကို ထိရောက်စွာအသုံးပြုကာ မူဝါဒများ အကောင်အထည်ဖော်ခဲ့ကြ။

နိဂုံး

- လူဦးရေစာရင်းအချက်အလက်များကို အသုံးချခြင်းသည် အချက်အလက် အခြေပြု မူဝါဒရေးဆွဲခြင်းနှင့် ရေရှည်တည်တံ့သော အမျိုးသားဖွံ့ဖြိုးရေး အတွက် အရေးပါသော အဆင့်တစ်ခုဖြစ်။
- တိကျမှန်ကန်ပြီး ပြည့်စုံသော အချက်အလက်များကို အသုံးပြု၍ မူဝါဒချမှတ်သူများသည် ပြည်သူလူထု၏လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ပြီး လူတိုင်းပါဝင်သည့် လူမှုအဖွဲ့အစည်း တစ်ရပ်ကို တည်ဆောက်နိုင်သော ထိရောက်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်။

နိဂုံး

❖ သာယာဝပြောသော အနာဂတ်တစ်ခုအတွက် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ၏ အခြေခံအဖြစ် သန်းခေါင်စာရင်း အချက်အလက်များကို အသုံးပြုနိုင်ရန် ဆက်စပ်ပါဝင်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန် အရေးကြီး။



ကျေးဇူးတင်ပါသည်။